# စည်းကမ်းချက်များ

၁။ Miss Universe Myanmar Pageant 2014 (ဤမှ နောင်တွင် 'ပြိုင်ပွဲ' ဟုခေါ်ဆိုမည်)ကို HELLO MADAM Media Group (ဤမှ နောင်တွင် Organizer ဟု ခေါ်ဆိုမည်)မှ စုစည်းကျင်းပခြင်းဖြစ်သည်။ ဤစည်းကမ်းချက်သည် ပြိုင်ပွဲအဆင့်အားလုံးတွင် အကျုံးဝင်မည်ဖြစ်သည်။

၂။ ပြိုင်ပွဲဝင်သူသည် Organizer ၏ Miss Universe Myanmar Pageant 2014 တရားဝင်ပြိုင်ပွဲဝင်လျှောက်လွှာပုံစံအား ပြီးပြည့်စုံစွာ ဖြည့်စွက်ရမည်ဖြစ်ပြီး လျှောက်လွှာတင်သောနေ့တွင် (သို့) Organizer က သတ်မှတ်သောအချိန် တစ်ခုခု၌ သတ်မှတ်သောနေရာတွင် လူတွေ့နှုတ်ဖြေ ပြုလုပ်ခြင်းကို တက်ရောက်ရမည်ဖြစ်သည်။

၃။ ပြိုင်ပွဲဝင်သည် ဆန်ခါတင်အဆင့် ရွေးချယ်ခံရပါက Organization နှင့် သီးခြားစာချုပ် ချုပ်ဆိုရမည်ဖြစ်ပြီး ပြိုင်ပွဲပြီးဆုံးသည် အထိ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

၄။ ပြိုင်ပွဲဝင်၏ မွေးစာရင်းမိတ္တူ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့် ရောင်စုံဓါတ်ပုံသုံးပုံ(မျက်နှာအနီးကပ်ပုံ၊ ဘေးတိုက်ပုံ၊ ကိုယ်လုံးအလှပုံ)တို့ကို လျှောက်လွှာပုံစံနှင့်အတူ တင်ပြရမည်ဖြစ်ပြီး မူရင်းအထောက်အထားများကိုလည်း တိုက်ဆိုင် စစ်ဆေး အတည်ပြုရန် တင်ပြရမည်။ Organizer မှ လိုအပ်ချက်များ ဖြည့်ဆည်းရန် ပျက်ကွက်သော မည်သည့်လျှောက်လွှာကိုမဆို ပယ်ချခွင့် ရှိသည်။

၅။ ပြိုင်ပွဲဝင်သည် အကျင့်စာရိတ္တကောင်းမွန်ရမည်။ နှစ်လိုဖွယ်ကိုယ်ဟန်အနေအထားနှင့် ဥပဓိရုပ်ကို ပိုင်ဆိုင်ရမည်ဖြစ်ပြီး ရုပ်ရည်ချောမောကာ ကိုယ်ခန္ဓာ အချိုးကျလှပရမည်။ အနိမ့်ဆုံးအရပ် ၅ ပေ ၆ လက်မ ရှိရမည်ဖြစ်သည်။

၆။ ပြိုင်ပွဲဝင်သည် စာနာသနားစိတ် ရှိရမည်ဖြစ်ပြီး အများပြည်သူရှေ့တွင် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စွာ စကား ပြောဆိုနိုင်ရမည်။

၇။ ပြိုင်ပွဲဝင်သည် Miss Universe Myanmar Pageant 2014 (သို့) ဘွဲ့ကို ရယူရန်အတွက် ဂုဏ်သရေရှိသော နောက်ကြောင်း ရာဇဝင်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ရမည်။

၈။ ပြိုင်ပွဲဝင်၏ တင်ဆက်မှုများသည် မူပိုင်ခွင့်အပါအဝင် အခွင့်အရေးများ ချိုးဖောက်မှုမရှိကြောင်း (သို့) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ၏ လုပ်ငန်း(သို့) ကုမ္ပဏီတစ်ခုခုကို သိက္ခာကျစေခြင်း(သို့) စိတ်နှလုံးညှိုးနွမ်းစေခြင်းမရှိကြောင်း တာဝန်ခံပါသည်။

၉။ ပြိုင်ပွဲအား အသက်(၁၈)နှစ်ထက်မငယ်၊ (၂၅)နှစ်ထက်မကြီးသော မြန်မာနိုင်ငံသား၊ အိမ်ထောင်မရှိသူအမျိုးသမီးအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

၁၀။ ပြိုင်ပွဲဝင်သည် မင်္ဂလာဆောင်အခမ်းအနားတစ်ခုအဖြစ် စုရုံးကျင်းပသည့် တရားဝင်ဖြစ်သော(သို့)တရားမဝင်ဖြစ်သော ယဉ်ကျေးမှုအရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ တိုင်းရင်းသားရိုးရာအရဖြစ်စေ သတို့သမီးအဖြစ် ပါဝင်ပတ်သက်ခဲ့ခြင်း လုံးဝမရှိစေ ရမည့်အပြင် ကလေးမွေးဖွားခဲ့ဖူးခြင်း လုံးဝမရှိသူဖြစ်ရမည်။

၁၁။ ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံတွင် မိဘ/အုပ်ထိန်းသူ၏ သဘောတူညီချက် ပါရှိရမည်ဖြစ်သည်။

၁၂။ ဆန်ကာတင်ရွေးချယ်ခံရသော ပြိုင်ပွဲဝင်များသည် Miss Universe Myanmar 2014 ပြိုင်ပွဲပြီးဆုံးသည်အထိ၊ ပြည်တွင်းပြည်ပ ပြိုင်ပွဲများတွင် Organizer ၏ ခွင့်ပြုချက်မရှိပဲ မည်သည့်ပြိုင်ပွဲမှ ယှဉ်ပြိုင်ခွင့်မရှိပါ။

၁၃။ ပြိုင်ပွဲဝင်သည် ပြည်ထောင်စုမြန်မာနိုင်ငံတရားရုံး(သို့) ပြည်ပနိုင်ငံတစ်ခုခုတို့၏ တရားရုံးတို့မှ တရားစွဲဆိုထားခြင်း၊ ပြစ်မှုထင်ရှား စီရင်ထားခြင်းမရှိကြောင်း အာမခံပါသည်။

၁၄။ ပြိုင်ပွဲဝင်သည် ပြစ်မှုကျူးလွန်ပြီး တိမ်းရှောင်ထွက်ပြေးနေသူ(သို့) ပြည်တွင်းပြည်ပ ဥပဒေဖော်ဆောင်သော Agency တစ်ခုခုမှ အလိုရှိနေသူမဟုတ်ကြောင်း အာမခံပါသည်။

၁၅။ ပြိုင်ပွဲဝင်သည် ပြိုင်ပွဲဝင်လျှောက်လွှာ စတင်တင်သွင်းသည့်အချိန်မှ ပြိုင်ပွဲဝင်နေစဉ်ကာလတစ်လျှောက်လုံး ၄င်း၏ တင်ဆက်မှုများကို Organizer မှ လိုအပ်သလို မှတ်တမ်းတင် တည်းဖြတ်ထုတ်လွှင့်ရန် သဘောတူပါသည်။

၁၆။ ပြိုင်ပွဲနှင့်ပတ်သက်သည့် တင်ဆက်မှုများအားလုံးကို Organizer မှ တစ်ဦးတည်းမူပိုင် ပိုင်ဆိုင်ခွင့် ရှိပြီး ပြိုင်ပွဲဝင်သူသည် တာဝန်ပေးအပ်မှုများ ပြီးမြောက်အောင် ဆောင်ရွက်ရန် (သို့) လိုအပ်သော စာရွက်စာတမ်းများ လက်မှတ်ရေးထိုးရန် သဘောတူ ညီပါသည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ဆုရွေးချယ်ခံရသူများသည် ဆုချီးမြှင့်သော ရက်မှစ၍ နောက်ထပ်ပြိုင်ပွဲကျင်းပသည့်အချိန်အထိ Organizer နှင့် သီးခြားသဘောတူညီချက် စာချုပ်တစ်စောင် ချုပ်ဆိုရမည်ဖြစ်သည်။

၁၇။ လက်ရွေးစင်ရွေးချယ်မှုနှင့် ပြိုင်ပွဲအဆင့်ဆင့်၌ အကဲဖြတ်ဒိုင်အရေအတွက်သည် Organizer တစ်ဦးတည်း၏ လုပ်ပိုင်ခွင့်ဖြစ် ပြီး ပြိုင်ပွဲအဆင့်အားလုံး၌ အကဲဖြတ်ဒိုင်များ၏ အဆုံးအဖြတ်သည် အပြီးသတ်အတည်ပြုချက်ဖြစ်သည်။ နှုတ်အားဖြင့်လည်းကောင်း၊ စာဖြင့်ရေးသား၍လည်းကောင်း၊ စုံစမ်းခြင်း၊ စောဒကတက်ခြင်းများကို လက်ခံမည်မဟုတ်ပါ။ ပြိုင်ပွဲဝင်သည် ပြိုင်ပွဲနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များ၊ ပြိုင်ပွဲဝင်နှင့်တွေ့ဆုံမေးမြန်းခြင်းများတွင် Organizer မှ ချမှတ်သော စည်းမျဉ်းစည်းကမ်းများအတိုင်း လက်ခံလိုက်နာ ရမည်ဖြစ်သည်။

၁၈။ ပြိုင်ပွဲ၏အဆင့်တစ်ခုခုမှ မည်သည့်အကြောင်းပြချက်နှင့်မဆို Organizer ၏ ခွင့်ပြုချက်မယူပဲ ပြိုင်ပွဲမှ ထွက်ခွာသွားသော ပြိုင်ပွဲဝင်အား သင့်လျော်သော နောက်ဆက်တွဲ အရေးယူမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၁၉။ Organizer မှ ပြိုင်ပွဲ၏ အစိတ်အပိုင်းတစ်ခု(သို့) အလှည့်တစ်ခုခုအား ပြန်လည်မှတ်တမ်းတင်သင့်သည်ဟု ထင်မြင်ယူဆပါက ပြိုင်ပွဲဝင်သူသည် အကဲဖြတ်မှုအတွက် ပြန်လည်တင်ဆက်ရန် သဘောတူပါသည်။

၂၀။ ပြိုင်ပွဲဝင်သူသည် Organizer ၏ ကြိုတင်ခွင့်ပြုချက်မရရှိပဲ ပြည်တွင်းပြည်ပ မီဒီယာများတွင် ထုတ်လွှင့်ပြသခြင်း၊ စကားပြောဆိုခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ ထင်မြင်ယူဆချက်ပေးခြင်း၊ ပုဂ္ဂိုလ်တစ်ဦး (သို့) ကုမ္ပဏီတစ်ခုခုမှထုတ်လုပ်သော အခြားအစီအစဉ်တစ်ခုခုတွင် စာချုပ်ချုပ်ဆိုခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း မပြုလုပ်ရပါ။

၂၁။ ပြိုင်ပွဲဝင်သည် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံတွင် ကိုယ်ရေးအချက်အလက်များဖြည့်စွက်ရာတွင် ရိုးသားမှန်ကန်စွာ ဖြည့်စွက်ရ ပါမည်။ အချက်အလက်များအားလုံးသည် လက်ရှိအချိန်ထိ မှန်ကန်ရမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ပြိုင်ပွဲဝင်သည် Organizer ထံသို့ ချက်ချင်းအကြောင်းကြားရမည်ဖြစ်သည်။

၂၂။ ပြိုင်ပွဲဝင်သည် Organizer မှ စီစဉ်သော အစီအစဉ်များသို့ တက်ရောက်ရန် ပျက်ကွက်ပါက အရည်အချင်းပြည့်ဝမှုမရှိဟု သတ်မှတ်မည်ဖြစ်ပြီး ထိုသို့ပျက်ကွက်မှုအတွက် ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

၂၃။ ပြိုင်ပွဲဝင်သည် Organizer မှ သတ်မှတ်ထားသည့် ဝတ်စားဆင်ယင်မှုများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ Organizer နှင့်ပတ်သက်သည့် သတင်းအချက်အလက်တစ်စုံတစ်ရာအား မည်သည့်အကြောင်းကြောင့်မဆို ထုတ်ဖော်ပြောကြားခြင်း မပြုရ။

၂၄။ ပြိုင်ပွဲဝင်များ သည် ချီးမြှင့်သောဆုများအားလုံးကို လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်းမပြုလုပ်ရ။

၂၅။ စည်းကမ်းချက်များမကိုက်ညီခြင်း၊ ချိုးဖောက်ခြင်းရှိပါက နိုင်ငံတကာပြိုင်ပွဲအပါအဝင် ပြိုင်ပွဲ၏အဆင့်တစ်ခုခုတွင် ဆက်လက်ပါဝင်ခြင်းမှ ထုတ်ပယ်ခံရမည်ဖြစ်ပြီး ဆုအဖြစ်ရရှိထားသော ငွေသားနှင့် ပစ္စည်းများအား ပြန်လည်သိမ်းဆည်းခြင်း ခံရမည်ဖြစ်သည်။

၂၆။ ပြိုင်ပွဲဝင်သူသည် Organizer ၏ ခွင့်ပြုချက်မပါရှိပဲ မည်သည့်အကြောင်းကြောင့်မဆို ပြိုင်ပွဲကာလ၌ စီးပွားရေးအရ အမြတ်ထုတ်ခြင်း၊ အထောက်အကူပေးခြင်း၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်းများ မပြုလုပ်ရပါ။ Organizer သည် မည်သည့်အချိန်တွင်မဆို စည်းကမ်းချက်များအား ပြင်ဆင်ပြောင်းလဲခွင့်ရှိသည်။

ဖော်ပြပါ Miss Universe Myanmar Pageant 2014 စည်းကမ်းချက်များအား ဖတ်ရှုနားလည်ပြီး လိုက်နာဆောင်ရွက်ရန် သဘောတူညီပါသည်။

.......................................................................... ..........................................................................

ပြိုင်ပွဲဝင်၏ အမည်နှင့်လက်မှတ် ရက်စွဲ

**အသက်(၁၈)နှစ်အောက်ပြိုင်ပွဲဝင်များအတွက် မိဘ(သို့)တရားဝင်အုပ်ထိန်းသူ၏ သဘောတူညီချက်**

ကျွန်ုပ် ...................................................................... သည် ပြိုင်ပွဲဝင် ...................................................................... ၏ ........................................................တော်စပ်သူဖြစ်ပြီး Miss Universe Myanmar Pageant 2014 ၏ စည်းကမ်းချက်များအား လိုက်နာရန် သဘောတူပါသည်။

.......................................................................... ..........................................................................

မိဘ(သို့)အုပ်ထိန်းသူ၏ အမည်နှင့်လက်မှတ် ရက်စွဲ

ဤပြိုင်ပွဲစည်းကမ်းချက်များအား သဘောတူညီကြောင်း ........................ ရက် .................................. လ ၂၀......... ခုနှစ်တွင် လက်မှတ်ရေးထိုးကြပါသည်။

.......................................................................... ..........................................................................

ပြိုင်ပွဲဝင်သူ HELLO MADAM Media Group

**အသိသက်သေများ**

.......................................................................... ..........................................................................

Build A-3-1, Room (703), Myanma Gonyi Housing, Upper Pansodan St, Mingalar Taung Nyunt Township, Post Code 11221, Yangon, Myanmar, Ph : + 95-1-393 102, 392 099, + 95 9 8633500, + 95 9 8601854, Fax : + 95-1-392 099, Website : www.missmyanmaruniverse.org